အတွဲ-၄။ အမှတ်-၂၀။

# ရွှေသွေး ဂျာနယ်

## အကြောင်းရှိမှ တန်ဖိုးသိ

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - ဗန္ဓုရဝင်း

၁၃၃၄ ခု၊ နယုန်လဆန်း ၁ ရက်၊ (၁၃-၅-၇၂)




စနေနေ့တိုင်း ထုတ်ဝေသည်။





တိုင်းသူပြည်သား လူအများတို့လေး ...(ဒုံ)....လှည့်နေ လှေအောင်း မြင်းတော်ငါးယကျန် မြည်တော်
သူ - မြည်တော်သား မှန်သမျှ - ယနေ့မှစ၍ - နောက် - ခုနစ်ရက်မြောက်သော နေ့တွင် - ဘုရင်မင်းမြတ်
နှင့် တပါတည်း - မြို့သစ်တည်ရာ မြေအောင်ချာကို ရှာဖွေရေးအတွက် ခရီးထွက်ကြရမည် ....(ဒုံ)..
သက်ကြီး ရွယ်အိုများကို ထားခဲ့ကြရမည် ...(ဒုံ)... ခေါ်လာသည်ကို တွေ့ရှိပါက - ကြီးလေးသော
အပြစ် ၃ ကာ ခတ်ခြင်း ခံရမည် - ဘုရင်မင်းမြတ်
အမိန့်တော် ....(ဒုံ)...(ဒုံ).....(ဒုံ)..
ခုနစ်ရက် မြောက်သော နေ့၌ ဘုရင်လေး ဦးဆောင်၍ မြို့လုံးကျွတ် ခရီးထွက်လေ၏။
မတတ်နိုင်ဘူး
အဘတော့ ခေါ်သွားမှာဘဲ
သတိထား ရမှာပေါ့
မိုးကော့မှ ဖေါ်ပေါ့လေ
ထိုအထဲ၌ သတ္တိကောင်းသော မောင်ရဲဝံ့ က
ဖခင်အိုကို လေရှူပေါက်ပါရှိသော သားရေအိတ် ဖြင့်လုပ်ကာ ထည့်၍ ခေါ်သွားလေ၏။
ဝ,ဖြိုးလား အဘ
အေး - အေး - ဝ,ပါတြီ ရေလေးသာ....
ပူတယ်ကွဲ
လမ်းတွင် လူမသိအောင် ကျွေးမွေး၏။


ဘဘ - အညောင်းဖြေ လမ်းလျှောက်ရအောင်
အေး ... အေးဘိကိုလဲ အကဲခပ်ပါအုံးကွဲ့
မောမောနဲ့ အိပ်ကုန်ကြပါပြီ ဘဘရဲ့
တစခန်း ရောက်ပြီဆိုလျှင် အရိပ်အကဲ ကြည့်ပြီး ညဉ့်မှောင်ချိန်၌ ဖခင်အိုအား ထွက်စေ၏။
ကိုင်း - ကျွဲကမ်းခြေတွင် လှည့်နားကြရမည်...
ခရီးထွက်၍ ရက်အတော် ညောင်းသော် အင်းကြီးတခုသို့ ရောက်လာသဖြင့် —
ဟာ - လက်လက် လက်လက်နဲ့
ရေထဲမှာ - ရွှေခွက်ကြီး ကတဲ့။ ရွှေနားတော် သို့ သံတော်ဦး တင်ကြရအောင်...
ဘုရင်လေး၏ နောက်တော်ပါများက အင်းကြီးထဲသို့ ဆင်းကြည့်ကြရာ —
ရွှေခွက်ကြီး တခွက် အင်းရေထဲမှာ ရှိကြောင်းပါ ဘုရား
အိမ်း - သို့ကလို ဆိုယင် ကျွဲရွှေခွက်ကို ရအောင် ယူ၍ ဆက်သ စေများ
ဘုရင်လေး၏ အမိန့်ကြောင့် အမှုထမ်းတဦးကို ပထမ ရေငုပ်စေလေ၏။
ဂိုး
ဟောဟဲ - ဟောဟဲ ..... ရေအောက် ရောက်တော့ - ရွှေခွက်ကြီး ဘယ်ရောက် သွားသလဲ မသိဘူး - မိုလ်မျှ
ဒီကမ်းပေါ်က တောင်ဖြင့်နေရ တာဘဲကွ။ မောင်မင်း တယ် ညံ့ဖျင်း သကိုး ...
ကဲ - နောက်တယောက် ငုပ် စမ်း - မြန်မြန်
ပြန် ပေါ် လာသောအခါ —



ဒီရွှေခွက်ကို မရမချင်း - တယောက် ပြီး တယောက် - ရှိသရွေ့ လူတွေ ဆက် ၍ ရမည်။ ဘုရင့် အမိန့်တော်...
ကိုယ်ရံတော်များထဲမှ ရေငုပ်တတ်သူ ကုန်လေသော် အရပ်သားများကို ငုပ်ခိုင်းပြန်၏။
အဘ - ဘုရင့် အမိန့် အရ ရေသွားငုပ်လိုက် အုံး မယ်နော်...
ဘာကိစ္စ - ငုပ်ရမှာလဲ သားရဲ့
ဒီအင်းကြီးထဲမှာလေ ရွှေခွက်ကြီး တခွက်ဟာ
မောင်ရဲဝံ့အလှည့် ရောက်ခါနီးသော် ဖခင် အိုနားသွား၍ နှုတ်ဆက်ရာသည်။
နေပါအုံး လူကလေးရယ် - မင်း ပြောမှပဲ သတိရတော့ - အဘ - တွေးမိတယ်။ ဒီအင်း အနီး အနားမှာ - တောင် များ ရှိလေရော့သလား
ရှိပါတယ် အဘ
အဲ - ဒီလိုဆိုယင် - ဒီရွှေခွက် ဟာ - တောင်ပေါ်မှာရှိလိမ့်မယ်၊ ရေကန် - အင်းထဲ ရောင်ပြန် ဟတ်တာနဲ့ တူသဟ...
ဒါဖြင့် - ဘယ်လို လုပ်ယင် ကောင်းမလဲ အဘရဲ့
လွှယ်သားအဲ - လူကလေး ရယ်... အဲဒီ တောင်ပေါ်သွား ဖို့ရှာယူပေါ့၊ ဒါပေမယ့် - တောတောင်ထဲ သွား ယင် - ဘာတွေ သတိထားရလဲ ဆိုတာ - အဘ ပြောပြ မယ်။ သေသေချာချာ မှတ်သွား -
အမယ် - အဘပြောတာ မှန်လိုက်တာ။ ချုံနွယ် တွေ တယ်ထူထပ် ပါလား။ ဓါး ရှည် ယူလာပေလို့ ..
မောင်ရဲဝံ့သည် ဖခင်အို ပြောသည့် အတိုင်း တောင်ပေါ်သို့ တက်သွားလေသော် -
ဟာ - ရွှေခွက် တွေ့ပြီ အဘရေ့
သို့သော် သူးပြီး၍ ကွဲပြီခြင်းကို ဂရုမစိုက်ပဲ ခွဲကောင်းကောင်းဖြင့် တက်သွားရာ -

ဆက်ရန်


RAGE
DIRTY GURU
ဟုတ် - ဟုတ်
ဟုတ်ကဲ့။








# မီးတောင်

တိုးလွင်မြင့် ကဆွဲ.

မီးတောင်ပေါက်ကွဲခြင်းသည် ဆန်းကြယ်ပေသည်။ သို့သော် လူတို့အားဒုက္ခပေးနိုင်သည့် သဘာဝအန္တရာယ် တခု ဖြစ်သည်။ ကမ္ဘာ့မြေကြီးအတွင်းမှ အလွန်ပူပြင်းသော ချော်ရည်၊ ကျောက်ရည်များ မြေမျက်နှာပြင်သို့ အရှိန်ဖြင့် ရှန်းကန် တိုးထွက်လာခြင်းသည် မီးတောင် ပေါက်ကွဲခြင်းပင် ဖြစ်သည်။

ချော်ရည်၊ ကျောက်ရည်တို့သည် မီးခိုးခေါင်းတိုင်ကဲ့ သို့သော အပေါက်မှ ရုန်းကန်ထွက်လာကြသည်။ ယင်း တို့သည် တဒီဒီ ကျဆင်း၍ ကာလ ကြာမြင့်သောအခါ ထိပ်ဝကျယ်လာပြီး အောက်ခြေ၌ပွင့်ကားကာ ခမောက် ပုံသဏ္ဌာန်ရှိသော တောင်ပူစာသဖွယ် ဖြစ်လာသည်။ ထိပ်ဝ၌ ချိုင့်ဖြစ်သွား၍ ယင်းကို မီးတောင်ထိပ်ဝဟု ခေါ် သည်။ နှစ်ထောင်ပေါင်းများစွာက ဖြစ်ပေါ်ခဲ့သော မီးတောင်တွင် ထိပ်ဝသည် တခုမက ရှိနေတတ်သည်။ အတွင်းမှ ရုန်းကန်ထွက်လာသော အရာများမှာ ချော်ရည်၊ ကျောက်ရည်တို့အပြင် ချော်တုံး၊ ကျောက်တုံး၊ ပြာတုံး၊ ပြာခဲ၊ ရေ၊ ဖုန်၊ ဓာတ်ငွေ့၊ အပူငွေ့နှင့် မီးခိုးများဖြစ်သည်။ မီးတောင် ပေါက်ကွဲရာ၌ တောက်လောင်နေသော စိမ်းဝါပြာ ဓာတ်ငွေ့မီးလျှံ၏အရောင်ကြောင့် မီး တောင်တဝိုက်ရှိ ဒေသသည် ထိန်လင်းတောက်ပနေတတ်သည်။

ကမ္ဘာ့တွင် မီးတောင် ၃၀၀ ကျော် ၄၀၀ ခန့် ရှိသည့် အနက် သုံးပုံတပုံသည် တိုက်ကြီးများပေါ်၌ တည်ရှိ၍ ကျန်နှစ်ပုံသည် ကျွန်းများပေါ်၌ တည်ရှိကြ၏။ မီးတောင်



ရှိသော အရပ်ဒေသများသည် အများအားဖြင့် အလွန်မြေဩဇာကောင်းကာ ကောက်ပဲသီးနှံ အထူးဖြစ်ထွန်းသည်။ အီတလီနိုင်ငံ တပ်စကာနီနယ်၌ မီးတောင်မှ အပူအားကိုယူ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည်။


၁၇၇၃ ခုနှစ်က မီးတောင် ပေါက်ကွဲမှုကြောင့် အရှေ့အိန္ဒိယကျွန်းစုရှိ ကရာကာတိုအားခေါ် ကျွန်းတကျွန်းသည် လုံးဝပျောက်ကွယ်သွားရသည်။ ယင်းပေါက်ကွဲမှုကြောင့် ပင်လယ်လှိုင်းလုံးကြီးများတက်လာကာ ကမ်းခြေတလျှောက်ရှိ ရွာများပျက်စီးပြီး လူပေါင်း ၃၆,၅၀၀ ခန့် သေဆုံးကြရသည်။

ကမ္ဘာပေါ်၌ အထင်ရှားဆုံးသော မီးတောင်မှာ အီတလီနိုင်ငံ နေပယ်ကမ်းခြေရှိ ခန့်ညားလှပသော ဗီဆူးဗီးယပ်ပင် ဖြစ်သည်။ ယင်းသည် ပေ ၄၀၀၀ ခန့် မြင့်ပြီး ယင်း၏ ပေါက်ကွဲမှုကြောင့် ပွန်ပေနှင့် ဟာကူလေနီယမ် မြို့ကြီးနှစ်မြို့ နှစ်မြုပ် ပျက်စီးကာ သမိုင်းတွင်ရစ်စေသော အန္တရာယ်ကြီး ဖြစ်ပေါ်ခဲ့သည်။

တောင်အမေရိကတိုက် အက်ကွာဒိုနိုင်ငံရှိ အယ်ကိုတိုပက်ဆီ မီးတောင်သည် ကမ္ဘာ၏ အမြင့်မားဆုံး မီးတောင်ဖြစ်၍ ၁၉,၃၄၄ ပေမြင့်သည်။


တောင်ဝင်ရိုးစွန်း အန္တာတိကား တိုက်ရှိ တခုတည်းသော မီးတောင်မှာ အီရီဗတ်ဖြစ်၍ ယင်းသည် ရေခဲပင်လယ်ပြင်၏ အထက် ပေပေါင်း ၁၃,၂၀၀ မြင့်သည်။ ဂျပန်နိုင်ငံမှ ဖူဂျီယာမာ မီးတောင်သေမှာ ကမ္ဘာ့အလှဆုံးသော တောင်တို့တွင် တခုအပါအဝင် ဖြစ်သည်။ မြန်မာနိုင်ငံ မြင်းခြံနယ်ရှိ ပုပ္ပါးတောင်မှာလည်း မီးတောင်သေတခုပင်ဖြစ်သည်။





ပညာဉာဏ်
အမြော်အမြင်
ဇာတ်လမ်း
သရုပ်ဖော်
ကာတွန်းမြေစာ
တခါက ပညာဉာဏ် အမြော်အမြင် ကြီးမားသော ယုန်မကြီး တကောင် ရှိ၏။ တနေ့တွင် ယုန်ကလေးတကောင်က-
အဒေါ်ကြီးရယ်- အဒေါ်ရဲ့ ဉာဏ်ပညာအမြော်အမြင် နည်းနည်းလောက်ပေးပါ-
ဒီလိုအလွယ်နဲ့တော့ ဘယ်ရမလဲ 'ရှဉ့်' အရှင်တကောင် ယူခဲ့မှ ပေးမယ်
ဗျာ!
ရှဉ့်ကိုဘယ်လိုလုပ်ပြီး ဖမ်းလို့ရမှာလဲဗျာ သူတို့က အပင်ပေါ်မှာ နေတော့ ကျွန်တော်က လဲ အပင် မတက်တတ်-
ဒါတော့ ငါမသိဘူး ငါ့ဆီက ပညာဉာဏ်အမြော် အမြင်လိုချင်ယင် ရှဉ့် အရှင် တကောင်ယူခဲ့-
ဟုတ်-ဟုတ် ဟုတ်ကဲ့
ယုန်ကလေးသည် သစ်ဆိမ့်သီးများကို အိတ်ကြီးတခုထဲတွင် ထည့်ပြီး ရှဉ့်ပေါများသော ဒေသသို့ သွားကာ....
ချိုဆိမ့်တဲ့သစ်ဆိမ့် သီးများကိုစားချင်ယင် လာယူပါ-
အထဲဝင်ယူမှ ဖမ်းပိတ် လိုက်မယ် ဟီဟီ-
ထိုအခါ ရှဉ့်ကလေးတကောင်သည် သစ်ဆိမ့်သီးများကိုယူရန် ပြေးဆင်းလာ၏။



ယုန်ကလေးသည် ရှဉ့်ကလေး ထွက်မရအောင် ပိတ်ပြီး ယုန်မကြီးထံ ယူလာခဲ့သည်။
ဒါဉ်ကလေး ယူလာပြီ ကျွန်တော့်ကို ပညာဉာဏ် အမြော်အမြင် ပေးပါ—
ဒါလောက်နဲ့ ဘယ်ရမလဲ 'စွန်' ငှက်ကြီးရဲ့ အတောင် နှစ်တောင်ကို ယူခဲ့ဦး—
ဟာ— စွန်ငှက်က ကောင်းကင်မှာ ပျံတာ ဘယ်လို လုပ်ယူလို့လွယ်မှာလဲဗျာ.
ဒါတော့ ငါမသိဘူး ငါ့ဆီက ပညာဉာဏ် အမြော်အမြင် လိုချင်ယင် စွန်ငှက်ရဲ့ အတောင်နှစ်ခုကို ယူခဲ့.
ဟုတ်-ဟုတ် ဟုတ်ကဲ့
ယုန်ကလေးလည်း စိတ်ပျက်ပျက်နှင့် ထွက်လာခဲ့ရာ မြေခွေးတကောင်နှင့် တွေ့သော်…….
ငါသေချင်ယောင်ဆောင်နေမယ် မင်းက–ကိုမြေခွေးတော့ သေရှာပြီ သင်္ဂြိုဟ်ဖို့ ငှက်တွေကို စွန်တွေကို အကြောင်းကြားပါတယ်လို့ လိုက်အော်ပြော–
ယုန်ကလေးသည် မြေခွေး ပြောသည့်အတိုင်း အော်ရာ ကောင်းကင်၌ ပျံနေသော စွန်ငှက်ကြီးက ကြားပြီး—
အင်း– အင်း-သင်္ဂြိုဟ်ဦးမှ. . .
ဟဲ့ ဟဲ့ ဟဲ့—
စွန်ငှက်ကြီး မြေပြင် ရောက်သော် ယုန်ကလေးက ပုန်းနေရာမှ ထွက်ပြီး အတောင် နှစ်
ပညာဉာဏ် အမြော်အမြင် ရတော့မယ်–
တောင်ကိုဆွဲနုတ်ကာ ယုန်မကြီးထံယူပြေးလေသည်။




မြွေရဲ့ အဆိပ်အိတ်ကို ယူခဲ့မှ ....
အဒေါ်ရယ် မြွေရဲ့အဆိပ်အိတ်ကို ဘယ်လိုယူနိုင်မှာလဲ
ဒါတော့ငါမသိဘူး ငါ့ဆီက ပညာဉာဏ် လိုချင်ယင် ရအောင်ယူခဲ့ပေါ့—
ဒီမြွေတွင်းဝမှာ ထားခဲ့မယ်—
ယုန်ကလေးသည် ငှက်မွေးများကို ညှောင်စေးဖြင့် ငှက်ရုပ်ပြုလုပ်ကာ—
အစာရှာထွက်သော မြွေသည် တကယ့်ငှက်မှတ်ကာ တအား ပေါက်လိုက်ရာ—
အား! ကပ်နေပြီ
မြွေ၏အဆိပ်အိတ်သည် ငှက်ရုပ်တွင် စိုက်နေပြီး မြွေမှာလည်း ဒုက္ခတွေ့နေတော့၏။ ထိုအခါမှ ယုန်ကလေးက ပုန်းကွယ်ရာမှ ထွက်လာပြီး—
ကျွန်ုပ်သင့်ကို ကယ်ပါ့မယ် ဒါပေမဲ့- သင့်ရဲ့ အဆိပ်အိတ်ကို ဖြတ်ပစ်မှ ရမှာနော—
နောက်ဆုံးတွင် ယုန်ကလေးသည် မြွေ၏ အဆိပ်အိတ်ကို ဖြတ်ယူကာ ယုန်မကြီးထံ သွားပေးလေ၏။
အဒေါ် ခိုင်းတဲ့အတိုင်း ယူခဲ့ပါပြီ- ကျွန်တော့်ကိုသာ...
မင်းမှာ- ကိုယ်ပိုင်ပညာဉာဏ် အမြော်အမြင် ရှိနေပါပြီကွာ ငါ့ဆီက တောင်းနေဖို့ မလိုတော့ပါဘူး—
ပြီး



အိမ်ရိုက်သံတချောင်းကို လေမိုးထဲတွင် ပစ်ထားပါက မကြာမီ သံချေးတက်လာသည်ကို တွေ့ရပေမည်။ သံချေးတက်ရခြင်းမှာ လေထဲမှ အောက်ဆီဂျင်နှင့် ရေငွေ့တို့ကြောင့် ဖြစ်သည်။ အောက်ဆီဂျင်တမျိုးတည်းနှင့် သံချေးမတက်နိုင်သလို ရေငွေ့တမျိုးတည်းနှင့်လည်း သံချေးမတက်နိုင်ပါ။ သံချေးတက်ရန် အောက်ဆီဂျင်နှင့် ရေငွေ့နှစ်မျိုး စလုံး လိုလေသည်။


## ဘာကြောင့် သံချေးတက်ရသနည်း



တံစဉ်၊ ဓား၊ လှံ၊ အပ် စသည့် သံဖြင့် ပြုလုပ်ထားသော ပစ္စည်းများကို စွတ်စိုသောနေရာများတွင် မထားသင့်ပေ။


တင်လှဦး

## သူတို့ထပြေးအောင်ဘယ်လိုလုပ်မလဲ



# ညီညီထွေးနှင့် နှာခေါင်းသွေး

ဦးဦးဆရာဝန်



တနေ့ နေ့လယ်ခင်း မုန့်စား ကျောင်းလွှတ်ချိန်တွင် ညီညီထွေးကို သူ့အဖော်များက ဘောလုံးကစားရန် အတင်းလာခေါ်ကြသည်။

ညီညီထွေးနှင့် သူ့အဖော်များသည် နေပူထဲတွင် ဘောလုံးကစားကြ၏။ ဏာအကြာ တွင် မည်သူနှင့် ထိခိုက်မိသည် မသိပဲ ညီညီထွေး လဲသွားသည်။ ပြန်ထလိုက်သောအခါ နှာခေါင်းမှ သွေးများ စီးကျလာ၏။

"ဟာ – သွေးတွေ သွေးတွေ၊ အမလေး လုပ်ကြပါအုံး"

ညီညီထွေးက အလန့်တကြား အော်ပြီးငိုတော့၏။

သူ့အဖော်များက ညီညီထွေးထံ ပြေးလာကြသည်။ ညီညီထွေးကို ညီလေးရင်းသဖွယ် ချစ်သည့် ကိုတင်ဦးလည်း ပြေးဝင်လာသည်။ ကိုတင်ဦးသည် ညီညီထွေးကို အနီးဆုံး သစ်ပင်ရိပ်သို့ ခေါ်သွားပြီး နှာခေါင်းမှ စီးယိုကျနေသောသွေးများကို လက်ဖြင့် သုတ်ပေးသည်။ သို့သော် သွေးထွက်မရပ်ပေ။ သုတ်လိုက်၊ စီးကျလာလိုက်၊ ထပ်သုတ်လိုက်နှင့် မနိုင်မနင်း ဖြစ်နေ၏။

"နှာခေါင်းသွေးယိုယင် လှဲအိပ်နေရတယ်ဟဲ့။ ဒါမှ သွေးအပြင်ကို မထွက်မှာ"

ကျောင်းသူ တယောက်က အကြံပေးသဖြင့် ကိုတင်ဦးသည် ညီညီထွေးကို မြေကြီးပေါ်၌ ပက်လက် လှဲအိပ်စေသည်။ လှဲအိပ်လိုက်သောအခါ နှာခေါင်းမှ သွေးထွက်နည်းသွားသော်လည်း သွေးများ အာခေါင်နှင့် ပါးစပ်တွင်းသို့ရောက်ကာ ညီညီထွေးမှာ ပါးစပ်မှ ထွေးထုတ်နေရတော့သည်။ နှာခေါင်းမှလည်း သွေးမစဲ။ အာခေါင်ထဲသို့လည်း စီးကျသဖြင့် အသက်ရှူမရ ဖြစ်လာသည်။

ညီညီထွေး၏ သူငယ်ချင်း ကိုကိုတင်ကမူ ညီညီထွေး ဖြစ်နေပုံကို ကြောက်လန့်လာ၍ ဆရာမထံသို့ ပြေးသွားတော့သည်။

"နှာခေါင်းသွေးယိုယင် ရေရှူခိုင်းရတယ်လို့ ဖိုးမမပြောဘူးတယ်ကွ။ မင်းတို့အထဲက တယောက် ရေတခွက်မြန်မြန်သွားခပ်စမ်း"

ကိုတင်ဦးက ကစားဖော်တဦးကို ခိုင်းလိုက်၏။

ကိုတင်ဦးသည် ရေခွက်ထဲမှ ရေကို ညီညီထွေးအား ရှူခိုင်းသည်။ ညီညီထွေးက အားပါးတရ ရှူလိုက်ရာ အာခေါင်တွင်းသို့ ရေဝင်၍ သီးသွားတော့သည်။

ထိုအခိုက် ဆရာမသည် သူတို့ကြားသို့ တိုးဝင်လာကာ –

"ဖယ်စမ်း–ဖယ်စမ်း၊ မင်းတို့ ဘာတွေလုပ်နေကြတာလဲ။ ဒီရေက ဘာလုပ်ဖို့လဲ"

"ညီညီထွေး နှာခေါင်းသွေး ယိုလို့ရေရှူခိုင်းနေတာဆရာမ"

"နှာခေါင်းသွေး ယိုတာကို ဒီလိုမလုပ်ရဘူးကွဲ့။ နှာမလည်

ယင် ဆရာမကို လာခေါ်ပါလား။ ဘာလို့ မဟုတ်တာတွေ လျှောက်လုပ်နေရတာလဲ"

ဆရာမက အပြစ်ဆိုသည်။ ပြောပြောဆိုဆိုပင် ပက်လက်လှဲနေသော ညီညီထွေးကို အနည်းငယ်မျှ ခေါင်းကိုအနည်းငယ်မော့ထားကာ ဆရာမကလက်ဖြင့် မေးထားလိုက်၏။ ထို့နောက် ပါးစပ်တွင်းမှ ကျန်နေသည့် သွေးများကို ထွေးထုတ်စေသည်။ တချိန်တည်းတွင် ပါးစပ်မှ အသက်ရှူခိုင်းပြီး ညီညီထွေး၏ နှာခေါင်းကို ညာဖက်လက်ညှိုး လက်မတို့ဖြင့် ညှစ်ကာ ဖိထားသည်။

"နောက်ဆို နှာခေါင်းသွေးယိုတာတွေ့ယင် လှဲအိပ်မခိုင်းရဘူး။ ခေါင်းကို ဟောဒီလို နဲနဲ ထောင်ထား။ ဒါမှ နှာခေါင်းက သွေးတွေ အာခေါင်ထဲကို မဝင်မှာ၊ အသက်ရှူမခက်မှာ။ နောက်ပြီး နှာခေါင်းကို ဆရာမ ဖိညှစ်သလို လက်ချောင်းလေးတွေနဲ့ ခပ်တင်းတင်းဖိညှစ်ထားလိုက်။ တော်တော်လေးကြာတော့ အတွင်းက သွေး ထွက်တော့မှာ မဟုတ်ဘူး"

"ရေ ရှူ ခိုင်း ယင် ကော ဆရာမ"

ကိုတင်ဦးက ဖြတ်မေးလိုက်သည်။

"နှာခေါင်း သွေးယိုနေတဲ့ လူကို ဘယ်တော့မှ ရေမရှူခိုင်းရဘူးကွဲ့။ ရေကို ရှူရှိုက်လိုက်တော့ အာခေါင်ထဲ ဝင်သွားပြီး သီးတာ၊ မွန်တာရယ် အဆင်မသင့်လို့ ရေတွေအဆုတ်ထဲ ဝင်သွားယင်လဲ အဆုတ်ရောင်တဲ့ ရောဂါ ဖြစ်တတ်တယ်။ အေး–တခုတော့ ရှိတယ်။ ရေအေးအေးကို အဝတ်နဲ့ဆွတ်ပြီး နှာခေါင်းပေါ်ကိုတင်၊ အပေါ်က လက်နဲ့ဖိညှစ်ယင်လဲ ရပါတယ်"

"မင်းတို့ကို နေပူထဲမှာ မကစားဖို့ ဆရာမ ခဏခဏ ပြောတယ်။ နား မ ထောင် ကြ ဘူး။ နှာခေါင်း သွေးယိုတယ် ဆိုတာ ခိုက်မိမှ မဟုတ်ဘူး။ ရာသီဥတု ပူလွန်းယင်၊ သိပ်ပြီးအမောခံပြီး နေပူမှာ ကစားယင်လဲ ယိုတတ်တယ်ကွဲ့။ ဒါကြောင့် နေပူမှာ မကစားကြနဲ့၊ ဖျားမယ်၊ နာမယ်၊ တခုခုဖြစ်မယ်လို့ ဆရာမ ပြောပြောနေတာ"

တ အောင့် လောက် ကြာသွားသောအခါ ဆရာမ သည် ညီညီထွေး နှာခေါင်းကို ဖိညှစ်ထားသော သူ့လက်ကို တဖြည်းဖြည်းလွှတ်လိုက်၏။ ညီညီထွေး၏ နှာခေါင်းမှ သွေး မ ထွက်တော့ပေ။

လက်တွေ့ ကြုံရသော သင်ခန်းစာတခုကို ကျောင်းသားများ မျက်မြင် သဘောပေါက်သွားကြလေပြီ။ သို့သော် သွေးစွန်းသောအကျီနှင့် ညီညီထွေး အိမ်ပြန်သွားလျှင်ကား သူ အမေစကားကို နားမထောင် ခဲ့မိသော သူ့အပြစ်ကြောင့် ညီညီထွေးတယောက် အဆူခံရဦးမည်မှာ သေချာပေသည်။

# ကျောင်းမှန်မှန်တက် စာမခက်

ညီမထွေးနဲ့ ညီလေးရေ၊
ကျောင်းကိုသွားစို့လေ။

ခဲတံပေတံ စာအုပ်များ၊
လွယ်အိတ်ထဲမှာထား။


အဝတ်အစား ဖြူဖြူစင်၊
တူညီဝတ်စုံဆင်။

ညီလေးခင်က ရွှေကရောက်၊
လက်တွဲအတူလျှောက်။


မရှက်မကြောက် စာကိုအံ၊
မှတ်သားအပန်မခံ။

နေ့စဉ်မှန်မှန် ကျောင်းကိုတက်၊
သင်စာဘယ်မခက်။ ။

မောင်လှ (ကျောက်မဲ)



R. 517



# ကရဝိတ်ဖောင်


ကရဝိတ်ငှက်၏ ပုံသဏ္ဍာန်ကို
ယူ၍ ပြုလုပ်ထားသဖြင့် ကရဝိတ်ဖောင်ဟု ခေါ်သည်။
ဖောင်ဟုဆိုသော်လည်း သစ်ဖောင်မျိုးမဟုတ်။ လှေပုံသဏ္ဍာန်ပင်ဖြစ်သည်။

ကရဝိတ်ဖောင်သည် ရှေးမြန်မာဘုရင်များလက်ထက်က မင်းသုံးဖောင် ဖြစ်သည်။ မြန်မာဘုရင်၏ ဖောင်စုတွင် တစီးအပါအဝင်ဖြစ်သည်။ ဖောင်၏ အလယ်တွင် ပြာသာဒ်ဆောင် ပါရှိသည်။ ပြာသာဒ်ဆောင်ထဲတွင် လူတို့စီးနင်းလိုက်ပါနိုင်ကြသည်။

ကရဝိတ်ဖောင် အတုများကိုလည်း ပြုလုပ် အသုံးပြုကြသည်ကို တွေ့ရသည်။ တခါတရံ ဘုန်းကြီးပျံများတွင် ပန်းချီဖြင့် ကရဝိတ်ဖောင်အသွင် ပြင်ထားသော မော်တော်ကားသို့မဟုတ် လှည်းပေါ်၌ ဘုန်းကြီးအလောင်းကိုတင်ကာ လှည့်လည်ကြသည်။ အတီးအမှုတ်များလည်း ပါဝင်သည်။ ဖောင်၏ နံဘေးတဖက်တချက်တွင် အမျိုးသမီးများ စီတန်းလိုက်ပါပြီး လှေလှော်ဟန် ယိမ်းကကြရသည်။

မြန်မာဘုရင်များ လက်ထက်ကမူ ကရဝိတ်ဖောင်သည်
မြင့်မြတ်တော်ဝင်သော ရေယာဉ်ပင် ဖြစ်ပေသည်။

မို့ရွာ ဝင်းဇေ



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/